# ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၅၃ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇ - ၅ - ၂၀၁၅ ]

# ( ဗုဒ္ဓဟူးနေ့ )

၁။ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၅၃ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း -

(က) ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **စစ်မှုထမ်းသက်(၁၀)နှစ် မပြည့်မီ တိုက်ပွဲဒဏ်ရာကြောင့် အငြိမ်းစားယူသည့် တပ်မတော်သား သေဆုံးသည့်အခါ ၄င်းရရှိသော အငြိမ်းစားလစာကို ကျန်ရစ်သူဇနီးသည်မှ ဆက်လက် ခံစားခွင့်ပြုရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **ဂန့်ဂေါမြို့နယ်၊ ကြောဒေသရှိ ကြဲ၊ နုံးကြီး၊ ကန့်သတ်၊ စကား ရွာ(၄)ရွာအား လျှပ်စစ်မီး ရရှိရေးကို က.ပ.စ စက်ရုံမှတစ်ဆင့် အခမဲ့သွယ်တန်း တပ်ဆင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၅၃ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၅၄ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။